# မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ကုန်များတင်ပို့ရန်အတွက် တရုတ်နိုင်ငံ GACC ၌ မှတ်ပုံတင်လျှောက်ထားမှု လုပ်ငန်းစဉ်များ

- ငါး/ပုစွန်ပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများအနေဖြင့် GACC ၌ မှတ်ပုံတင်ရန် ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပြီး မှတ်ပုံတင်ရန်ခွင့်ပြုချက်လျှောက်ထားရပါမည်။
- မှတ်ပုံတင်ရန်ခွင့်ပြုချက်ရရှိပြီးပါက ငါးလုပ်ငန်းဦးစီးဌာနမှ ငါး/ပုစွန်ပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများအား GACC Website တွင် ဝင်ရောက်မှတ်ပုံတင်လျှောက်ထားနိုင်ရန် User Name, Password (Account) များအား ပြုလုပ်ဆောင်ရွက်ပေးပါသည်။
- ငါး/ပုစွန်ပြင်ထုတ်လုပ်သည့်စက်ရုံ/ကုမ္ပဏီများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ပြုလုပ်ပေးထားသည့် Account ဖြင့်ဝင်ရောက်၍ GACC Website တွင် မှတ်ပုံတင်လျှောက်ထားရန် လိုအပ် သည့် အချက်အလက်များအောက်ပါအတိုင်းဖြည့်စွက်ရမည်ဖြစ်ပါသည်-

  (က) ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံလိုင်စင် (Fishery Processing License)

  (ခ) အခြေခံအချက်အလက်များ (Basic Information)

  (ဂ) မှတ်ပုံတင်မည့် ထုတ်ကုန် (Product to be register)

  (ဃ) အသုံးပြုသည့် ပြုပြင်လုပ်ငန်းသုံးရေ (Production and Processing Water)

  (င) ဝန်ထမ်းအရင်းအမြစ် (Human Resources)

  (စ) ပြုပြင်ထုတ်လုပ်သည့် နည်းလမ်းအသေးစိတ် (Specific Processing Method)

  (ဆ) စက်ရုံ၏ မြေပုံ (Lay Out Plan)

  (ဇ) ထုတ်လုပ်သည့်အမျိုးအစား (Production Type)

  (ဈ) ကုမ္ပဏီ၏ ဝန်ခံချက် (Enterprise Declaration)

- လိုအပ်သည့် အချက်အလက်များဖြည့်စွက်ပြီးနောက် ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြရပါမည်။
- ငါးလုပ်ငန်းဦးစီးဌာနမှ ဖြည့်စွက်ထားသည့်အချက်အလက်များအား မှန်ကန်မှုရှိ/မရှိ စိစစ်ဆောင်ရွက်ရပါသည်။

- ဖြည့်စွက်ထားသည့်အချက်အလက်များမှန်ကန်မှုမရှိပါက သက်ဆိုင်ရာ စက်ရုံ/ကုမ္ပဏီများသို့ပြန်လည်ပြင်ဆင်ရမည်ဖြစ်ပါသည်။
- ဖြည့်စွက်ထားသည့်အချက်အလက်များမှန်ကန်မှုရှိပါက တရုတ်နိုင်ငံ GACC မှ ချမှတ်ထားသည့် Regulation များနှင့်အညီ ရေးဆွဲထားသည့် "ပြည်ပသို့ ထုတ်လုပ်မှုလုပ်ငန်းများအတွက် GACC သို့ မှတ်ပုံတင်ရာတွင် လိုအပ်သည့် အကဲဖြတ် မှတ်တမ်း" (Check List of GACC Registration Requirement for Oversea Production Enterprise) ဖြင့် စက်ရုံသို့သွားရောက်စစ်ဆေးပြီး Regulation အတိုင်းလိုက်နာဆောင်ရွက်မှုရှိပါက ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ခံချက် (Recommendation Letter) ထုပ်ပေးပြီး GACC ထံသို့ပေးပို့တင်ပြရပါသည်။
- ငါးလုပ်ငန်းဦးစီးဌာနမှ ပေးပို့သည့် အချက်အလက်များအား GACC မှ ပြန်လည်စိစစ်ပြီး ထပ်မံလိုအပ်ချက်ရှိပါက စက်ရုံ/ကုမ္ပဏီများသို့ ပြန်လည်ပေးပို့ပါသည်။